

ဆောင်းရှလင်
ဒေါက်တာစိုးထိုက်
နှင့် မော်ဝေးစီညှာ

အခန်း(၁)

# ဆောင်းလုလင်

# ဒေါက်တာစိုးထိုက် နှင့် ဖော်ဝေးဝိညာဉ်

# ဒေါက်တာစိုးထိုက်၏ မိတ်ဆက်အမှာစာ

ကျွန်ုပ် ဒေါက်တာစိုးထိုက်သည် ဆရာဝန်တစ်ဦးပင် ဖြစ်လင့်ကစား အသက် ၄၀ အရွယ်မှစ၍ ဆေးကုသခြင်းအလုပ်ကို စွန့်လွှတ်၍ ကျွန်ုပ် ဝါသနာပြင်းပြသောလုပ်ငန်းတွင်သာ အာရုံနှစ်၍ လုပ်ကိုင်ခဲ့လေသည်။

ကျွန်ုပ်သည် အသက် ၄၀ အထိသာ အစိုးရဆေးရုံ များတွင် ဝန်ထမ်းဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်မှစ၍ ဝန်ထမ်းအဖြစ်မှ နှုတ်ထွက်ကာ ကျွန်ုပ် စိတ်ဝင်စားသော ဝိညာဉ်လောက၊ နာမ်လောကဆိုင်ရာ လေ့လာမှု သုတေသန လုပ်ငန်းများတွင် အာရုံနှစ်၍ လှုပ်ရှားခဲ့လေသည်။

ကျွန်ုပ်သည်ဝန်ထမ်းဘဝတွင် အင်္ဂလန်နိုင်ငံသို့ ပညာ တော်သင်ခရီး သွားရောက်ခဲ့ရသေးရာ အင်္ဂလန်နိုင်ငံရှိ 'ဗြိတိသျှ မနောသုတေသန' အသင်းကြီးသို့ ဝင်ထွက်သွားလာခဲ့ပြီး ထိုအသင်းကြီးတွင် တစ်ဦးတည်းသော မြန်မာနိုင်ငံသား အသင်းဝင်တစ်ဦးအဖြစ် အသင်းဝင်ရောက်ခဲ့လေသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် ဝန်ထမ်း အဖြစ်မှ နှုတ်ထွက်ပြီးချိန်တွင် မြန်မာနိုင်ငံအရပ်ရပ်ရှိ ကျွန်ုပ် လေ့လာတွေ့ရှိသမျှသော ဝိညာဉ်၊ နာနာဘာဝ၊ စုန်း၊ တစ္ဆေ၊ကဝေ၊ ဥစ္စာစောင့်၊ လူဝင်စား၊ မှော် အစရှိသည့် နာမ်လောက ဆိုင်ရာကိစ္စရပ်များကို လေ့လာသုတေသန ပြုခဲ့ပေသည်။ ကျွန်ုပ် လေ့လာတွေ့ရှိခဲ့သော အမှုတွဲများအနက် သက်သေသက္ကာယ ခိုင်လုံသော ဖြစ်ရပ်များကို လန်ဒန်ရှိ မနောသုတေသနအသင်းကြီး သို့ အထောက်အထား

အချက်အလက်များနှင့်အတူ ရေးသား ပေးပို့ခဲ့လေသည်။

ကျွန်ုပ်တွေ့ရှိချက်များအား အသင်းကြီးမှ အခါ အားလျော်စွာထုတ်ဝေသော စာစောင်၊ စာအုပ်များတွင် ဖော်ပြခဲ့ရာ ကမ္ဘာအရပ်ရပ်ရှိ ဝိညာဉ်သုတေ သနပညာရှင်များကြားတွင် ကျွန်ုပ် အမည်မှာ အတန်အသင့် ထင်ရှားလျက်ရှိပေပြီ။

၁၉၉၈ ခုနှစ်တွင် ကျွန်ုပ်သည် အမှုတွဲတစ်ခုအတွက် မန္တလေးမြို့သို့ သွားရောက်ခဲ့ရာ ကျွန်ုပ်၏ လုပ်ငန်းများကို စိတ်ပါဝင်စားစွာ ကူညီလုပ်ကိုင်ပေး ခဲ့သည့် လူငယ်လေးတစ်ဦးနှင့် ရင်းနှီးသိကျွမ်းခဲ့ရလေသည်။ ထိုလူငယ်သည် စာပေရေးသားရန် ကြိုးစားလေ့လာနေသော စာပေဝါသနာရှင်တစ်ဦးဖြစ်ရုံမက မနောသုတေသနလုပ်ငန်းများကိုလည်း စိတ်ဝင်စားလှပေသည်။ လူငယ်က ကျွန်ုပ် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော ဆောင်းပါးအချို့ကို ဖတ်ရှုခဲ့ဖူးပြီးဖြစ်သဖြင့် ကျွန်ုပ်မှာ အံ့ဩရသေးသည်။

လူငယ်သည် ကျွန်ုပ် သွားရောက်လိုသည့်နေရာများကို သူ၏ မော်တော်ဆိုင်ကယ်လေးဖြင့် လိုက်လံပို့ဆောင်ပေးရုံမက၊ ကျွန်ုပ် တွေ့ဆုံလိုသောလူများကို ဆက်သွယ်ပေးခြင်း၊ စုံစမ်း ပေးခြင်းများပြုလုပ်ခဲ့ရာ ကျွန်ုပ်မှာ များစွာကျေးဇူးတင်မိပေ၏ ။

နောက်ပိုင်းတွင်လည်း လူငယ်နှင့် ကျွန်ုပ်သည် အဆက် အသွယ် မပြတ်ခဲ့ပေ။ သူရန်ကုန်မြို့သို့ ရောက်လာသည့်အခါ တိုင်းလည်း ကျွန်ုပ်ထံ ဝင်ရောက်လည်ပတ်လေ့ရှိ၏ ။ ကျွန်ုပ် သုတေသနပြုခဲ့သောအမှုတွဲများကို လေ့လာဖတ်ရှု၏ ။ ဖြစ်ရပ်များကိုလည်း သေချာမေးမြန်း၍ မှတ်စုတွင် မှတ်သားထား ပေ၏ ။

၂၀၀၃ ခုနှစ်၏ မိုးရာသီနေ့တစ်နေ့တွင် ထိုသူငယ် ကျွန်ုပ်ထံသို့ ရောက်လာပြန်ရာ ယခုတစ်ကြိမ်တွင်မူ ကျွန်ုပ်အတွက် အံ့ဩစရာ၊ အားရစရာ

လုပ်ရပ်များကို ထိုသူငယ်က ယူဆောင် လာခဲ့ပေသည်။

''ကျွန်တော် စာရေးဝါသနာပါတာကို ဆရာကြီးလည်း အသိပဲ။ အခု ကျွန်တော် ဝတ္ထုတချို့ရေးထားပါတယ် ဆရာကြီး။ ကျွန်တော်ရေးတဲ့ ဝတ္ထုတွေကတော့ တခြားမဟုတ်ပါဘူး။ ဆရာကြီးကိုယ်တိုင် လေ့လာသုတေသနပြုထားတဲ့ ဖြစ်ရပ်တွေကို ဝတ္ထုပုံစံနဲ့ရသပါအောင် ပြန်ရေးထားတာပါ။ ဆရာကြီး ဖတ်ကြည့်ပြီး ဝေဖန်ချက်ပေးပါဦး။ ဆရာကြီး ကျေနပ်တယ်ဆိုရင် လူအများဖတ်ရှုနိုင်အောင် စာအုပ်အဖြစ် ထုတ်ဝေ ချင်ပါတယ်။ စာအုပ်ထုတ်ဖို့လည်း ဆရာကြီးဆီက ခွင့်ပြုချက်ရလိုပါတယ်''

လူငယ်က သူရေးသားပြီးစီးထားသည့် စာမူများကို ကျွန်ုပ်အား ပေး အပ်ခဲ့ပေ၏ ။

ကျွန်ုပ်သည် ဝတ္ထုအဖြစ် ရေးသားထားသော ၎င်းစာမူ များအား ဖတ်ရှုကြည့်ရာ ဖြစ်ရပ်များကို ကိုယ်တိုင်သုတေသန ပြုခဲ့သော ကျွန်ုပ် ကိုယ်တိုင်ပင် ဇာတ်ကြောင်းကို သိပြီးဖြစ်ပါလျက် ရင်ခုန်ထိတ်လန့်ခြင်း၊ အံ့ဩတုန်လှုပ်ခြင်းများကို ခံစားရပေ၏ ။ ယင်းသို့ခံစားရသည်မှာ အခြားကြောင့်မဟုတ်။ ၎င်း၏ ဇာတ်လမ်းဖွဲ့စည်းပုံ၊ ရေးသားမှုကျွမ်းကျင်ပုံများကြောင့်ပင် ဖြစ် ပေတော့သည်။

ဆောင်းလုလင်က အချို့ဝတ္ထုများတွင် ကျွန်ုပ်အား ဇာတ်ကောင်အဖြစ် ထည့်သွင်းထားပြီး အချို့ဝတ္ထုများ၌ ကျွန်ုပ်ကိုယ်တိုင် လေ့လာသုတေသနပြုခဲ့သည့်အတိုင်း ရေးသား ထားသည်။ အချို့ဝတ္ထု များတွင်ကား ဖြစ်ရပ်ကို ဝတ္ထုသဖွယ် သရုပ်ဖော်ရေးသားထားပေ၏ ။ မည်သို့ဆိုစေ ကျွန်ုပ်၏ အတွေ့ အကြုံများကို ရသပါသောဝတ္ထုသဖွယ် တန်ဆာဆင်ရေးသား ထားသည့်အတွက် ကျွန်ုပ်မှာကျေနပ် ဝမ်းမြောက်မိပေသည်။

ကျွန်ုပ်သည် မြန်မာစာဖတ်ပရိသတ်များ သိရှိရန်အလို့ငှာ ကျွန်ုပ်၏

လေ့လာတွေ့ရှိချက်များကို စာပေဖြင့်ရေးသားတင်ပြရန် စိတ်ကူးမှာ မဆွကတည်းကပင် ရှိခဲ့လေ၏။ သို့ရာတွင် ကျွန်ုပ်မှာ မအားလပ်ခြင်း၊ မြန်မာစာရေးသားရာတွင် ကျွမ်းကျင်မှုမရှိခြင်း (ကြွားဝါခြင်းမဟုတ်၊ ကျွန်ုပ်သည် အင်္ဂလိပ်ဘာသာဖြင့်ရေးသားခြင်း ကိုသာ ကျွမ်းကျင်ပါသည်။) တို့ကြောင့် ကျွန်ုပ်၏ ဆန္ဒများ နှောင့်နှေးခဲ့ရပေ၏။

ယခု ကျွန်ုပ်ခင်မင်သောလူငယ်က 'ဆောင်းလုလင်' ဆိုသော ကလောင်အမည်ဖြင့် ကျွန်ုပ်၏ အတွေ့အကြုံများကို ရသပါသော ဝတ္ထုသဖွယ် စီကုံးရေးသားပေးသည့်အခါ ကျွန်ုပ်၏ အာသာဆန္ဒကို ဖြည့်စွမ်းပေးရာရောက်သဖြင့် ကျွန်ုပ်မှာ များစွာ ကျေးဇူးတင်ရပေ၏။

ဆောင်းလုလင် က အချို့ဖြစ်ရပ်များကို နေရာ ဒေသ၊ ကာယကံရှင်တို့၏ အမည်နာမများ ပြောင်းလဲရေးသား ထားပေရာ ဤသည်မှာလည်း ဖြစ်သင့်သောအချက်တစ်ရပ်ပင် ဖြစ်ပေ၏။ အချို့ဝတ္ထုဦး ကား ဖတ်ရှု၍ ပိုအဆင်ပြေစေရန် စိတ်ကူးယဉ်ဇာတ်ကောင်များ ဖြည့်စွက်ထားသည်ကို တွေ့ရ ပေသည်။ ဤသည်မှာလည်း ရသဝတ္ထုအဖြစ် တင်ပြသည်မို့ ဖတ်ရှုသူများအဖို့ အရသာ ပို၍ ပြည့်ဝစေမည်ဟု ယူဆပါသည်။

ကျွန်ုပ်ကိုယ်တိုင်သာ ဤဖြစ်ရပ်များကို စာဖြင့် ရေးသား တင်ပြရလျှင် အချက်အလက်များပါသော ဆောင်းပါးရှည်ကြီး သဖွယ်သာဖြစ်နေမည်ဖြစ်ပြီး၊ ငြီးငွေ့ဖွယ်ကောင်းမည်အမှန် ဖြစ်ကြောင်း ဝန်ခံရပေသည်။ ဆောင်းလုလင်က စာဖတ်ပရိသတ် များကို ကျွန်ုပ်တင်ပြလိုသော အကြောင်းအရာများအား ကျွန်ုပ် ကိုယ်စား ရသဝတ္ထုအနေနှင့် တင်ပြပေးသည့်အတွက် ကျေးဇူး တင်ရပါသည်။ သို့ပါ၍ ''ဆောင်းလုလင်''ဆိုသောသူငယ် နောက်တစ်ခေါက်ရောက်လာ၍ ကျွန်ုပ်၏ သဘောထားကိုမေးမြန်း သည့်အခါ ကျွန်ုပ်က ၎င်း၏ စာပေရေးသားခြင်း အတတ်ပညာကို ချီးကျူးကာ ဝတ္ထုများအဖြစ် ပုံနှိပ်ထုတ်ဝေလိုပါက ထုတ်ဝေ နိုင်ပါကြောင်း ကျေနပ်စွာဖြင့် ခွင့်ပြုချက်ပေးလိုက်ရပါသတည်း။

**မနောဝိညာဉ်သုတေသီ**

**M.B., B.S.**

**M. Med. Sc**

**M.P.H (London )**

•••

အခန်း(၂)

## ဆောင်းလုလင်

## ဒေါက်တာစိုးထိုက် နှင့် ဖော်ဝေးဝိညာဉ်

ကျွန်ုပ် ယခုဖော်ပြမည့်အဖြစ်အပျက်မှာ ကျွန်ုပ်ဒေါက်တာ စိုးထိုက်အနေဖြင့် လေ့လာခွင့်မကြုံခဲ့ရပဲ ကာယကံရှင်ဖြစ်သူ၏ ပြောပြချက်အရ ပြန်လည်ဖော်ပြရခြင်းဖြစ်လေသည်။

တစ်နေ့သ၌ ကျွန်ုပ်သည် ဖိတ်ကြားမှုတစ်ခုကိုလက် ခံရရှိခဲ့လေ၏ ။ ကျွန်ုပ်အားဖိတ်ကြားသူမှာ.. နိုင်ငံကျော်စာရေး ဆရာတစ်ဦးဖြစ်လေသည်။

ဤနေရာတွင် ၄င်းစာရေးဆရာ၏ အမည်အားရေးသား ဖော်ပြရန်မသင့်သဖြင့် အခြားသောအမည်တစ်ခုဖြင့်ပြောင်း လဲဖော်ပြပေအံ့။ ၄င်း၏ အမည်ရင်းအား ဦးမိုးနောင်ဟုဆိုကြပါစို့။

ဦးမိုးနောင်က ကျွန်ုပ်အား ဝိညာဉ်သုတေသီတစ်ဦးအ နေဖြင့်တွေ့ဆုံဆွေးနွေးလိုကြောင်း ဦးစွာစာရေးအကြောင်းကြား ခဲ့လေသည်။

ထို့နောက် သုံးရက်ခြားသည့်အချိန်တွင် သူပေးသည့်စာ ရ,မရ တယ်လီဖုန်းဖြင့်မေးမြန်းကာ သူ့အိမ်သို့လာရောက်လည် ပတ်ပါရန် ကျွန်ုပ်ထံမှ ရက်ချိန်းတောင်းခံခဲ့လေသည်။

ကျွန်ုပ်လည်း အားလပ်သောရက်တစ်ရက်တွင်လာ ရောက်ပါမည့်အကြောင်း အကြောင်းပြန်ကြားလိုက်ကာ ကတိ အတိုင်း ကျွန်ုပ်ရက်ချိန်းပေးထားသောနေ့ရက်၌ ၄င်း၏ အိမ်သို့ထွက်ခဲ့လေတော့သည်။

•••

လိပ်စာအတိုင်း ဦးမိုးနောင်၏ အိမ်သို့ ရောက်ရှိ သွားချိန်တွင် ကျွန်ုပ်မှာ

များစွာအံ့အားသင့်မိပေတော့၏။ ဦးမိုးနောင်၏ နေအိမ်သည် ရန်ကုန်မြို့ဆိတ်ငြိမ်ရပ်ကွက် တစ်ခုအတွင်း၌ ရှိပြီး အလွန်ပင် ကြီးကျယ်ခန်းနားစွာ ဆောက်လုပ်ထားလေ၏။

ကျွန်ုပ်မှာ စာရေးဆရာများကို ဆင်းရဲသောလူတန်းစား အဖြစ်ထင်မှတ်ထားမိပေရာ (မည်သည့်စာရေးဆရာနှင့်မှလဲ သိကျွမ်းခင်မင်ပေါင်းသင်းခဲ့ဖူးခြင်းမရှိပါ) ဦးမိုးနောင်၏ အထက် တန်းကျခန်းနားသောအနေအထိုင်ကိုမြင်ရသည့်အခါ လွန်စွာအံ့ အားသင့်မိပေ၏။

''မင်္ဂလာပါဒေါက်တာ။ ကြွပါခင်ဗျ။ ကြွပါ။ ကျွန်တော့် ဖိတ်ကြားမှုကိုလက်ခံလာရောက်တဲ့အတွက် အများကြီးကျေးဇူး တင်ပါတယ်ဒေါက်တာ''

သူက ကျွန်ုပ်အားလှိုက်လှဲစွာကြိုဆို၍ ညှိုဝတ်ကျေစွာ ညှိုခံခဲ့ပေသည်။

ဝန်ခံဂုပါလျှင် ကျွန်ုပ်သည်မြန်မာဝတ္ထုများအားဖတ်ရှု လေ့မရှိသည့်အတိုင်း ဦးမိုးနောင်၏ ဝတ္ထုများကိုလည်းမဖတ်ခဲ့ဖူး ပါပေ။ ၎င်း၏ ကလောင်အမည်အား ကြော်ငြာများမှတစ်ဆင့် တွေ့ဖူးနေ၍ ထင်ရှားသောစာရေးဆရာတစ်ဦးအနေဖြင့်ကား သိ နေသည်။ လူချင်းတွေ့မှပင် သူ့အသက်ရွယ်၊ သူ့ရုပ်ရည်နှင့် အနေအထိုင်ကိုမြင်ရသိရပေတော့သည်။

''အလို- ကျွန်တော်က ဒေါက်တာစိုးထိုက်ဆိုတာဟာ ကမ္ဘာသိ မနောသုတေသနပညာရှင်ကြီးဆိုတော့ ကြီးလှပြီထင်မိ တာ၊ ဘယ်မှာ အသက်ကြီးသေးလို့လဲ၊ ဒေါက်တာက ကျွန်တော်နဲ့ ရွယ်တူလောက်ပဲ ရှိသေးတာကလား''

ဧရာထဲဝင်ရောက်နေသည့် ကျွန်ုပ်တို့အရွယ်ကို ငယ်သေး သောအရွယ်အဖြစ် အရွှမ်းဖောက်ပြောကြားလိုက်သည့်အတွက် နှစ်ယောက်သား ရယ်မိကြသေးသည်။ ဦးမိုးနောင်သည် စာရေး ဆရာပီသစွာ

အာဝဇ္ဇန်းရှင်သူတစ်ဦးဖြစ်ပေ၏ ။

ကျွန်ုပ်အားနေကာထိုင်ခင်းပေးပြီးသည်နှင့် ဦးမိုးနောင် ကသူဖိတ်ခေါ်သည့်ကိစ္စနှင့်ပတ်သက်၍ စကားစလေသည်။

''တမလွန်က ဆက်သွယ်မှုတွေနဲ့ ပတ်သက်ပြီး ဒေါက်တာ့အနေနဲ့ ဘယ်လိုဆက်သွယ်မှုတွေ ကြုံခဲ့ဂဘူးပါသလဲ ဒေါက်တာ''

''ဒီလိုရှိပါတယ်ဆရာ၊ ကျွန်တော်က သုတေသီတစ်ဦး သာဖြစ်ပါတယ်။ အတွေ့အကြုံရှိသူတွေရဲ့ကေ့စ်တွေကိုလေ့လာ တာ။ သုတေသနပြုတာတွေသာကျွန်တော်လုပ်ခဲ့တာပါ။ ကျွန် တော်ကိုယ်တိုင်တော့ ဝိညာဉ်နာနာဘာဝနဲ့တွေ့ဆုံခဲ့ဖူးတာ တစ် ကြိမ်တစ်ခါမှ မရှိသေးတာကိုဝန်ခံဂမှာပါ။ ကျွန်တော့်အလုပ်က ဝိညာဉ်လောကတကယ် ရှိ-မရှိ၊ တမလွန်လောက တကယ် ရှိ-မရှိ သုတေသနပြုနေတဲ့အလုပ်ပါဆကာ။ ဆကာဘာကိုဆိုလိုချင် လို့ ဒီမေးခွန်းမေးတာပါလိမ့်''

''ရှင်းပါပြီဒေါက်တာ၊ ကျွန်တော်က ဒေါက်တာ့ကို ကျွန်တော်ကြုံခဲ့ဂတဲ့ ဝိညာဉ်အတွေ့အကြုံလေးပြောပြချင်လို့ပါ။ ဒေါက်တာ့စာတွေကို နိုင်ငံခြားစာစောင်တွေမှာ ကျွန်တော် ဖတ်ဂပါ တယ်။ ကျွန်တော့်အတွေ့အကြုံကို ပြောပြပြီး ဒေါက်တာ့ဆီက ထင်မြင်ချက်အကြံOာ ဏ်တောင်းခံချင်တာပါပဲဒေါက်တာ''

''ဟုတ်ကဲ့''

အဖြစ်အပျက်က လောလောဆယ်ဖြစ်ခဲ့တာမဟုတ်ပါ ဘူး၊ ကျွန်တော်ကြုံခဲ့တာ အနှစ်နှစ်ဆယ်လောက်ကြာပါပြီ ဒေါက်တာ''

''အို့''

သူ့စကားကြောင့် ကျွန်ုပ်အတွက်ထူးဆန်းသွားလေ သည်။

ကျွန်ုပ်အားဖိတ်ခေါ်အပ်နှံလေ့ရှိသည့်အမှုတွဲများမှာ လက်ရှိကြုံတွေ့နေရသောဖြစ်ရပ်များအပေါ်သဘောထားတောင်းခံခြင်း လေ့လာစေခြင်းများအတွက်ဖြစ်တတ်ရာ.. ဦးမိုးနောင်က လွန်ခဲ့သောနှစ်၂၀ခန့်ကအဖြစ်အတွက် ကျွန်ုပ်ကို ယခုမှဖိတ်ခေါ်ပြောဆိုခြင်းကိုအံ့ဩမိခြင်းဖြစ်တော့သည်။

''နေပါဦးဆရာရဲ့၊ ကျွန်တော့်ကိုအခုခေါ်ပြောသလိုမျိုး၊ ဆရာ့အနေနဲ့ ဆရာ့စာဖတ်ပရိသတ်ကိုဝတ္ထုရေးပြီးတင်ပြ တာမျိုးရောမလုပ်ခဲ့ဖူးလားဆရာ''

''နိုး- နိုး- ဒေါက်တာ၊ ကျွန်တော်ကအချစ်ဝတ္ထုရေးတဲ့ စာရေးသူတစ်ယောက်ပါ၊ ခုပြောမယ့်အဖြစ်ကို ကျွန်တော်ရေးလို့ မဖြစ်ဖူး၊ ကျွန်တော့်လိုင်းလဲမဟုတ်ဖူး။ ရေးရင်လည်းဘယ်သူမှ ယုံမှာမဟုတ်ဖူး။ ကျွန်တော့်ကို ကြောင်သွားပြီလို့ပြောကြမှာ ဒေါက်တာရဲ့၊ အဖြစ်အပျက်ကသိပ်ဆန်းတယ်လေ။ တော်ရုံလူ ယုံဖို့ခက်သားကလားဒေါက်တာ''

''သြော်- သြော်-''

''ဒါ့ကြောင့်- ကျွန်တော်က ဒေါက်တာ့ကိုမေးတာပါ။ တမလွန်ကဆက်သွယ်မှုတွေနဲ့ပတ်သက်လို့ ဒေါက်တာဘယ်လို ထင်မြင်ယူဆသလဲလို့၊ ဘယ်လိုနည်းတွေနဲ့ဆက်သွယ်တဲ့အလေ့ ရှိသလဲဆိုတာ ဒေါက်တာ့အတွေ့အကြုံကို သိချင်တာပါ''

''ကျွန်တော်လေ့လာရသလောက်ကတော့ အကောင် အထည်ရုပ်ဒြပ်ကို ထင်ထင်ရှားရှားသော်၄င်း။ မထင်မရှားသော် ၄င်း ပြပြီးဆက်သွယ်တာ။ အနံ့ပေးပြီးသူတို့ရှိကြောင်းဆက်သွယ် တာ။ အသံနဲ့ဆက်သွယ်တာတွေကိုကြားဖူးမှတ်ဖူးပါတယ်''

''ဟုတ်ပါတယ်ဒေါက်တာ။ ကျွန်တော်ကြုံခဲ့ရတဲ့ အတွေ့အကြုံဟာလည်း နာနာဘာဝက အသံနဲ့ဆက်သွယ်ခဲ့တာ ပါ။ 'ဒါပေမယ့်

နည်းနည်းပိုဆန်းတယ်ဒေါက်တာ။ ပန်းရုံဟာ ကျွန်တော့ကို ရေဒီယိုထဲကနေတစ်ဆင့် အသံလှိုင်းနဲ့ ဆက်သွယ် ခဲ့တာပါပဲ''

''ဗျာ- ပန်းရုံ၊ ရေဒီယိုကတစ်ဆင့် ဆက်သွယ်တယ်။ ဟုတ်လား''

''ပန်းရုံဆိုတာ ကျွန်တော်တွေ့ခဲ့ရတဲ့ နာနာဘာဝမိန်းကလေးတစ်ယောက်ပါဒေါက်တာ။ 'ဒီအကြောင်းနဲ့ပတ်သက်ပြီး ရှင်းလင်းသွားအောင် သူတို့ဂွဲနောက်ကြောင်းဇာဇဝင်ကိုတော့ ကြိုသိထားဖို့လိုပါလိမ့်မယ်ဒေါက်တာ။ ကျွန်တော်ပြောပြမယ့် ဇာတ်လမ်းလေးကို အဂ္ဂင်နားထောင်ကြည့်စေချင်ပါတယ်''

•••

တိတ်ဆိတ်သောည။

လရောင်က ရွှန်းရွှန်းမြမြသာလျှက်ရှိသည်။

ကောင်းကင်၌ ပြေးလွှားနေသော တိမ်တစ်အုပ်သည် လမင်းရှေ့မှကွယ်လိုက်သည့်အခါတွင်မူကား မြေတပြင်လုံး အမှောင်ထုဖုံးသွားပြန်လေသည်။

ခဏအကြာတွင် တိမ်အုပ်သည် တလိမ့်လိမ့် ရွေ့လျား ကာ လမင်းအတွက်နေရာဖယ်ပေးလိုက်ပြန်၏ ။

ယာတောအလည်မှ အိမ်အိုကြီးမြင်ကွင်းသည် လ ကောင်အောက်တွင် တစစ ပေါ်လွင်ထင်ရှားလာ၏ ။ မြင့်မားလှ သောနှစ်ထပ်အိမ်အိုကြီး၏ အမိုးထိပ်သည် ဝန်းကျင်ရှိ သစ်ပင် ကြီးများထက်မြင့်မားကာကောင်းကင်သို့ ထိုးမျှော်နေလေသည်။

တကယ်တော့ လူမနေသည်မှာ နှစ်ပေါင်း၃၀ကြာပြီ ဖြစ်သောအိမ်အိုကြီးအတွက် ဂှိသမျှသောပြတင်းပေါက်၊ တခါး

ပေါက်များပိတ်ကွယ်နေသည်မှာ အဆန်းမဟုတ်ပါပေ။

သို့ရာတွင် မိန်းမတစ်ယောက်ရုပ်သွင်သဏ္ဌာန်သည်ကား တိတ်ဆိတ်သောညများတွင် အိမ်အိုကြီးအတွင်း လှည့်လည်သွား လာနေသည်ကို ရံဖန်ရံခါ တွေ့မြင်ရတတ်ပေသည်။

နှစ်၃၀ကြာ ကာလတိုင်သည်ထိ လူသူတစ်ယောက်မှ ရောက်မလာသည့်အိမ်အိုကြီး။

လူကြီးလက်တစ်ဝါးစာမျှရှိသော ကြေးသော့ခလောက်ကြီး က အိမ်အိုကြီးတံခါးမကြီးကို ခတ်ထားလျှက်ရှိ၏ ။ ခြံတံခါးကို လည်း သံကြိုးအထပ်ထပ်ရစ်ပတ်ကာ အာမခံသော့ခလောက်ကြီး ဖြင့် ခတ်၍ ပိတ်ဆိုးတားဆီးထားပေသည်။

ဟန့်တားပိတ်ပင်ထားပါလျှက်နှင့် အကာလညများ၌ မိန်းမတစ်ယောက်သဏ္ဌာန်သည် ခြံအတွင်း၌ သော်လည်းကောင်း၊ အိမ်အတွင်း၌ သော်လည်းကောင်း လှည့်လည်သွားလာနေသည်ကို မြင်တွေ့ရတတ်သည်။

ရံဖန်ရံခါတွင် အိမ်ကြီးအပေါ်ထပ်မှ ပြတင်းပေါက်သည် ပွင့်လာကာ... မိန်းမတစ်ယောက်သည် ပြတင်းပေါက်မှရပ်လျှက် အပြင်သို့လှမ်းမျှော်ကြည့်နေသည်ကို မြင်တွေ့ရတတ်လေသည်။

ရံဖန်ရံခါတွင်... အိမ်ပေါ်ထပ်လသာဆောင်ဆီ၌ မတ်တပ် ရပ်လျှက် လမင်းဆီသို့ မျှော်ကြည့်နေသည့် မိန်းမသဏ္ဌာန်ကို မြင်ရပြန်သည်။ ထိုအခါများတွင် မိန်းမ၏ ဆံပင်များသည် ကျော လည်အထိပြန့်ကျလျှက် လေထဲတွင် တလွန့်လွန့်လွင့်နေသည်ဟု ဆိုကြ၏ ။

ရံဖန်ရံခါတွင်... ခြံထဲ၌ ဟိုဒီလမ်းလျှောက်သွားနေသော မိန်းမတစ်ယောက်သွင်ပြင်ကို မြင်တွေ့ရတတ်ပြန်ပေသည်။

မိန်းမသည် ဖြူဖွေးသောအဝတ်အစားများကိုဝတ်ဆင် ထားပြီး အဖြူရောင်သဏ္ဍာန်ကြောင့်ပင် ညအခါများ၌ သူမလှုပ် ရှားမှုများကို အဝေးမှပင် မြင်တွေ့ရတတ်သည်ဟု ဆိုကြ၏ ။

အိမ်ကြီးနှင့်မလှမ်းမကမ်းတွင် လူနေရွာတစ်ရွာရှိပြီး...

ရွာသူရွာသားများမှာ နေ့လည်ခင်း၌ ပင် အိမ်ကြီးကို ကွင်းရှောင်တတ်ကြသည်။

ညအချိန်များ၌ မလွှဲမရှောင်သာ အိမ်ကြီးရှေ့မှ ဖြတ်သွား ရပါက...ခြံထဲ၌ သွားလာလှုပ်ရှားလျှက်ဖြစ်စေ၊ အပေါ်ထပ် ပြတင်း၌ ရပ်လျှက်ဖြစ်စေ၊ လသာဆောင်လက်ရမ်းများကို မှီ၍ ဖြစ်စေ၊ မိန်းမသဏ္ဍာန်ကို တွေ့ရမြဲဖြစ်သည်။

ထိုမိန်းမသဏ္ဍာန်ကို ဝိညာဉ်သရဲအဖြစ် ရွာသူရွာသားများ က ထင်မှတ်ကြလေသည်။

မိန်းမသဏ္ဍာန်သည် ခြံရှေ့မှဖြတ်သွားသူများကို လက်ယပ်ခေါ်တတ်သည်။

လက်ခုပ်တီး၍ လည်း ခေါ်တတ်သည်။ သူမလက်ခုပ်တီး ခေါ်လိုက်သည့်အခါ... လက်ခုပ်သံတဖျောင်းဖျောင်းသည် ချောက် ချားဖွယ်ထွက်ပေါ်လာပြီး ပတ်ဝန်းကျင်သို့ပင် ပဲ့တင်ထပ်သွားသည် ဟု အဆိုရှိပေသည်။

ယင်းသို့အခေါ်ခံရလျှင်... မိန်းမသဏ္ဍာန်ကို သရဲတစ္ဆေဟု ယုံကြည်ထားပြီးသူများမို့ အိမ်အိုကြီးရှေ့မှ အစွမ်းကုန် သုတ်ခြေ တင်ပြေးကြမြဲဖြစ်လေ၏ ။

ဖြူဖွေးသော အကိုပ်သဏ္ဍာန်ရှင်မိန်းမသည် မည်သူ ပေနည်း။

အများထင်သလို ဝိညာဉ်တစ်ခု၏ အရိပ်ကိုယ်ပွားပေလား၊ အမှန်တကယ်ပင် သရဲတစ္ဆေတစ်ကောင်လား။

ဤအိမ်အိုကြီး၌ လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်က တစ်ရက်တည်း၊ တစ်ညတည်း၌ ပင်... မိန်းမနှစ်ယောက် သေဆုံး ခဲ့ဖူးလေသည်။ နှစ်ဦးစလုံးမှာ အသေဆိုးဖြင့် အစိမ်းသေသေဆုံးခဲ့ ခြင်းဖြစ်လေသည်။

ထိတ်လန့်ချောက်ချားဘွယ်အဖြစ်ဆိုးဖြင့် သေဆုံးခဲ့သည် ထိုမိန်းမနှစ်ယောက်က နာနာဘာဝအဖြစ် ချောက်လှန့်နေသည်ဟု ယုံကြည်ကြသည်။

အချို့က မိန်းမသဏ္ဍာန်သည် အိမ်ကြီး၏ အရှင်သခင်မ ''ပတ္တမြားနတ်မယ်''၏ ဝိညာဉ်ဟု ဆိုကြသည်။

အချို့က အိမ့်ကျွန်မလေး ''ပန်းရုံ''၏ အဂိုပ် ဟုဆိုကြ သည်။

အချို့ကတော့ သူတို့နှစ်ဦးထက် ရေးကျစွာ သေဆုံးသွား ခဲ့သည့် အထိန်းတော်ကြီး ''ဒေါ်အိုဇာ''၏ နာ နာဘာဝရုပ်သွင် ဟု ထင်မြင်ကြပြန်လေသည်။

ထိုမိန်းမ ၃-ဦးစလုံးက တစ်လှည့်စီကိုယ်ထင်ပြ ချောက်လှန့်နေသည်ဟု ယူဆကြသူများလည်း ရှိပါသေးသည်။

မည်သို့ပင်ဆိုစေ...

လွန်ခဲ့သော နှစ်ပေါင်း ၃၀က...

စိတ်နှလုံးတုန်လှုပ်ချောက်ချားဖွယ်...

သွေးပျက် ထိတ်လန့်ဖွယ် အဖြစ်ဆိုးကြီးတစ်ခုကား...

ဤအိမ်ကြီးပေါ်ဝယ် အမှန်တကယ် ဖြစ်ပျက်ခဲ့ဖူးပါ လေသည်။

•••

နေဝင်ဂိုဏ်ဆာအချိန်တွင်...

မြင်းညိုကြီးကိုကဆုန်ဆိုင်း၍ စီးနင်းလာသောယောကျ်ား တစ်ယောက်အသွင်က ယာတောအိမ်ကြီးဆီသို့ ဦးတည်သွား လျှက်ရှိသည်။

မြင်းစီးယောကျ်ားသည် ပွိုင့်တူးတူးသေနတ်ကို လွယ်လျှက် မြင်းပေါ်တွင်ခန့်ညားစွာစီးနင်းလိုက်ပါလာလျှက် ရှိသည်။

တစ်ကိုယ်တော် တောလည်ထွက်ကာမှ ပြန်လာခဲ့သော မြင်းစီးယောကျ်ားမှာ ယာတောအိမ်ကြီး၏ အဂှင်သခင် ဦးစိုးအုပ် ဖြစ်ပါသည်။ ရှေးဘုဂင်တို့၏ အနွယ်တော်တစ်ဦးဖြစ်ပြီး¼¼ ကြွယ်ဝချမ်းသာသောမြေရှင်တစ်ဦးမို့Þဦး-တပ်၍ ခေါ်ရသော်လည်း ဦးစိုးအုပ်၏ အသက်မှာ ၃၀-ဝန်းကျင်သာရှိပါသေးသည်။

သခင်ကြီးဦးစိုးအုပ် စီးနင်းလာသောမြင်းညိုကြီး ယာ တောအိမ်ခြံဝင်းထဲဝင်လာသည်နှင့်... ဘဏ္ဍာစိုးကြီးဖိုးသာဒင်က အိမ်ထဲမှပြေးထွက်လာသည်။

ဦးစိုးအုပ် မြင်းပေါ်မှ လွှားကနဲခုန်အဆင်းနှင့် ဖိုးသာဒင်က မြင်းဇက်ကြိုးကို ဦးစိုးအုပ်ထံမှလွဲယူလိုက်သည်မှာ တစ်ချိန်တည်း ဖြစ်သည်။

ထိုအချိန်တွင် အိမ်မကြီး၏ တခါးဝမှ ချောမောလှပ၍ ခန့်ညားကျက်သရေရှိသော အမျိုးသမီးတစ်ဦးထွက်လာလေသည်။ သခင်ကြီးဦးစိုးအုပ်၏ ဇနီး Þပတ္တမြားနတ်မယ် ဖြစ်ပါ၏ ။

''မောင်မောင်၊ ပြန်လာတာနောက်ကျလှချည်လား၊ မိမိဖြင့် စိတ်ပူနေရတယ်မောင်မောင်''

ပတ္တမြားနတ်မယ်က ခင်ပွန်းဖြစ်သူကို နှုတ်ဆက်လိုက် သည်။

ဦးစိုးအုပ်က လက်ထဲတွင် နွယ်ကြိုးနှင့်ချည်၍ ဆွဲလာသော

ယုန်နှစ်ကောင်ကို မြှောက်ပြဂုင်း...

"လူတွေအနေများလာတော့ တောအုပ်ကကျဉ်းပြီး တော တိရစ္ဆာန်တွေရှားပါးလာပြီမိမိ၊ ဟောဒီ ယုန်လေးနှစ်ကောင်ပဲ ရခဲ့ လေရဲ့"

ပတ္တမြားနတ်မယ်က ယုန်သေနှစ်ကောင်ကို လှမ်းယူ လိုက်သည်။

"ဝမ်းစာအတွက် တောလိုက်တာမှမဟုတ်ပဲ မောင်မောင် ရယ်၊ ဝါသနာကို မစွန့်နိုင်လို့ဟာကိုး၊ ဘယ်လောက်ပဲရရပေါ့"

ဘဏ္ဍာစိုးကြီးဖိုးသာဒင်က မြင်းညိုကြီးအောင်စည်ကို နောက်ဖေးရှိမြင်းဇောင်းထဲတွင်သိမ်းဆည်းရန်ဆွဲခေါ်သွားလေပြီ။

"မောလာသလားမောင်မောင်၊ ဒီညစာအဖို့တော့ မိမိကိုယ်တိုင်စီစဉ်ထားတယ်"

ပတ္တမြားနတ်မယ်၏ အပြောကြောင့် ဦးစိုးအုပ် အံ့သြသွား သည်။ ဆွေတော်မျိုးတော်မင်းသမီးတစ်ပါးဆိုသောမာန်ဖြင့် ဘယ် သောအခါကမှမီးဖိုချောင်ဝင်ခြင်း၊ ချက်ပြုတ်ခြင်းဆိုသည့် အိမ်ဂုင်မ တာဝန်များကိုမကျေပွန်ခဲ့သည့်ပတ္တမြားနတ်မယ် ရွှေပေါ်မြတင် ဘော်ကြော့နေခဲ့သည့် ပတ္တမြားနတ်မယ်က သူ့အတွက်ညစာ စားသောက်ဖွယ်ကို ကိုယ်တိုင်ပြင်ဆင်တားတယ်ဆိုတော့ ဦးစိုးအုပ်အံ့သြမိလေသည်။ သူမ၏ မယ်တော်ကြီး ဆိုဆုံးမ လွှတ်လိုက်၍ ဖြစ်ပေမည်။

"ကိုယ့်မိန်းမက ချက်ပြုတ်စီမံထားတယ်ဆိုတော့ အံ့သြစရာပါလားမိမိရယ်"

"အို- တစ်ခါတရံတော့လည်း ကိုယ့်လင်သားကို ပြုစု ကြည့်ရတာ ပေါ့၊ မိမိစီမံထားတာ ဘာဟင်းလို့ထင်သလဲ မောင်မောင်၊ အသည်းဟင်းရှင့်၊ အသည်းဟင်း"

''ဘာရယ်''

''မောင်မောင်ကြိုက်တတ်တဲ့အသည်းဟင်းလေ''

ဦးစိုးအုပ်၏ မျက်နှာဝယ် မလုံလဲသောအရိပ်အယောင်များ ဖြတ်ပြေးသွား၏။ ချက်ချင်းပင်မျက်နှာကိုတည်ကာ ဣန္ဒြေဆည် ပစ်လိုက်သည်။

အိမ်ထဲသို့ဝင်လာဂင်း မျက်လုံးမှလည်း တစ်စုံတစ်ယောက်ကိုရှာဖွေကြည့်လိုက်၏။ ဦးစိုးအုပ်အပြင်ကပြန်လာတိုင်း ထွက်ကြိုနေကျသူမှာ အိမ်ဖော်မလေးပန်းရုံဖြစ်သည်။ ပန်းရုံ အရိပ်အရောင်ကိုအိမ်ကြီးထဲ၌ မမြင်ရပေ။ ထုတ်ဖော်မေးဂုန် မသင့်တော်၍ ဦးစိုးအုပ်ကနှုတ်ဆိတ်နေလိုက်၏။

သူ့သခင်မကြီးကောက်နေချိန်ဖြစ်၍ ပန်းရုံရှောင်နေဟန် တူပါသည်။

ပတ္တမြားနတ်မယ်သည် ရန်ကုန်မြို့ကြီး၌ နေထိုင်သူဖြစ်ပြီး တစ်ခါတရံမှသာ ခင်ပွန်းရှိရာယာတောအိမ်ကြီးဆီသို့လာ ရောက်တတ်သူဖြစ်ပါ၏။

''ရေမိုးချိုး အနားယူဦးမလား။ တစ်ခါတည်း ပွဲတော်တည်တော့မလားမောင်မောင်''

ပတ္တမြားနတ်မယ်က ဦးစိုးအုပ်ကိုယ်၌ စလွယ်သိုင်း ထားသော ပိုးငွဲ့တူးတူးသေနတ်ကိုချွတ်ယူရင်းမေးလိုက်သည်။

''အိပ်ခါနီး မှ ရေချိုးတော့မယ် မိမိ၊ မောင်မောင် ထမင်းဆာနေပြီ''

သေနတ်ကိုညှော့ခန်းနံရံရှိချိတ်မှာ ပတ္တမြားနတ်မယ်က ချိတ်ထားလိုက်သည်။ ဒီမိန်းမအချိုးတွေပြောင်းလှချည်လား။ သည်တစ်ခေါက်မှာ သူ့ကိုပြုစုယုယလှချည်လား။

မနေ့ကမှ ပတ္တမြားနတ်မယ် ရန်ကုန်ကရောက်လာခြင်း ဖြစ်သည်။ သည်တစ်ခေါက်မှာ ယခင်ကနှင့်မတူ။ လင်ယောက်ျား ကိုပြုစုသည်။ ယုယသည် ။

ဖော်ရွေသောစကားတွေပြောသည်။ မိခင်ဖြစ်သူမယ်တော်ကြီးသွန်သင်ဆုံးမလိုက်လို့ပဲဟု ဦးစိုးအုပ်က မှတ်ယူလိုက်သည်။

ပတ္တမြားနတ်မယ်ထံမှ မကြုံစဖူးယုယကြင်နာမှုတွေရ လိုက်တော့- သူ့ရဲ့လုပ်ဂုပ်တွေအတွက် ဦးစိုးအုပ်စိတ်မလုံမလဲ ဖြစ်ဂုလေသည်။ ပန်းရုံလေးကို ယခုအချိန်ထိမမြင်မိသေး။

ပတ္တမြားနတ်မယ်က ဦးစိုးအုပ်ကိုလက်ဆွဲရင်း တစ်ဖက် ခန်းကိုခေါ်သွား၏ ။ တစ်ဖက်ခန်းမှာ ထမင်းစားခန်းဖြစ်သည်။

အခန်းထဲရောက်တော့... စားပွဲပေါ်မှထွန်းညှိထားလက် စ ရေနံ့ဆီမီးအိမ်ကို ပတ္တမြားနတ်မယ်က မီးစာမြှင့်လိုက်သည်။ ထမင်းစားခန်းမှာ လင်းထိန်သွားလေသည်။

ပတ္တမြားနတ်မယ်က စားပွဲပေါ်မှအုပ်ဆောင်းကို ဖွင့်လိုက်၏ ။

ထမင်းအုပ်ထဲမှ အငွေ့တထောင်းထောင်းထနေသော ထမင်းများ။ ဆီပြန်ဟင်းတစ်ခွက်။ ဟင်းချိုတစ်ပန်းကန်။ အသားကြော်တစ်ပန်းကန်။

အသားကြော်ပန်းကန်ကို ဦးစိုးအုပ်ရှေ့ချပေးလိုက်သည်။

''ဟင်းကလဲအသည်းဟင်းပဲ၊ ဒါကလဲ အသည်းကြော် ပဲ၊ မောင်မောင်မြည်းဖို့ ခွဲပြီးကြော်ထားတာလေ''

''ဒါတွေအားလုံး မိမိလုပ်ထားတာလား''

ဦးစိုးအုပ်က တအံ့တသြမေးလိုက်သည်။

''အားလုံး မိမိလက်ရာချည်းပါပဲ မောင်မောင်''

''ပန်းရုံကို ကူလုပ်ခိုင်းရောပေါ့ကွယ်''

ဦးစိုးအုပ်၏ နှုတ်မှ ပန်းရုံအမည်ကို လွှတ်ကနဲထွက်သွား သည်။ ပတ္တမြားနတ်မယ်များရိပ်မိသွားသလားဟု အကဲခတ် ကြည့်လိုက်၏ ။

ပတ္တမြားနတ်မယ်က အပြုံးမပျက်ပေ။

''ပန်းရုံကို အနားပေးလိုက်ပါပြီမောင်မောင်''

ပတ္တမြားနတ်မယ်က နံ့ရုံမြှုပ်ဘီရိုအံတံခါးကို လှပ်၍ ဝီစကီ ပုလင်းကို ဆွဲထုတ်လိုက်သည်။

ဖန်ခွက်နှစ်လုံးကိုပါ ဆွဲထုတ်လာ၍ ဦးစိုးအုပ်ရှေ့တွင် ချပေးလိုက်သည်။

''အသည်းကြော်လေးနဲ့ မြည်းကြည့်ပါဦးမောင်မောင်''

ဝီစကီကို ဦးစိုးအုပ်ရှေ့ကဖန်ခွက်ထဲလောင်းထည့်ပေးကာ ပတ္တမြားနတ်မယ်ကပြောသည်။။။

နောက်ထပ်ဖန်ခွက်အလွတ်တစ်ခုထဲသို့ ဝီစကီကိုလောင်း ထည့်လိုက်ပြန်သည်။

''ဒါက ဘယ်သူ့ဖို့လဲ မိမိ''

''မိမိအတွက်ပေါ့''

''ဟင် - မိမိ အရက်သောက်မလို့''

''တစ်ခါတလေ ကိုယ့်လင်သားနဲ့အပန်းဖြေချင်လို့ပါ မောင်မောင်''

ပတ္တမြားနတ်မယ်၏ ထူးခြားသောအပြုအမူများကြောင့် ဦးစိုးအုပ် အံ့သြပြီးရင်း အံ့သြရင်း ဖြစ်နေရတော့သည်။ ပတ္တမြား နတ်မယ်သည် ဦးစိုးအုပ်ကိုအရက်မသောက်ရန် ဟန့်တားလေ့ ရှိသည့်မိန်းမမဟုတ်လား။

ပတ္တမြားနတ်မယ်က ဖန်ခွက်နှစ်လုံးထဲသို့ ဆော်ဒါကို အလောတော်လောင်းထည့်လိုက်ပြန်၏ ။

''သောက်လေးမောင်မောင် အသည်းကြော်လေးနဲ့ မြည်းပါဦး''

ပတ္တမြားနတ်မယ်က အသည်းကြော်တစ်တုံးကို ခက်ရင်းဖြင့်ထိုးယူလိုက်ပြီး ဦးစိုးအုပ်ပါးစပ်ထဲထည့်ပေးလိုက်သည်။

ဦးစိုးအုပ်က အသည်းကြော်ဝါးရင်း ဝီစကီကိုတစ်ကြိုက်သောက်လိုက်၏။

''ကောင်းရဲ့လားမောင်မောင်၊ အသည်းကြော်က အရသာ ရှိရဲ့လား''

''ကောင်းပါတယ်''

''ဟင်း - ဟင်း - ဟင်း... မောင်မောင်ကြိုက်တယ် ဆိုတဲ့အသည်းလေ''

ပတ္တမြားနတ်မယ်က မသောက်စဖူး ဝီစကီသောက်ရင်း အူမြူးနေ၏။ အသည်းကြော်ဖတ်များကို ဦးစိုးအုပ် ပါးစပ်ထဲ ခွံ့,ခွံ့ ပေးနေ၏။

''ဆိုဒါကိုများများရောသောက်ပါမိမိ၊ မိမိက မသောက်ဖူး ပဲနဲ့''

''ရပါတယ်မောင်မောင်ရဲ့၊ မိမိပျော်လို့ပါ''

''မောင်မောင်တော့တော်ပြီ။ မောင်မောင်ကထမင်းမစားခင်သုံးပက်ကပုံမှန်ပဲ''

''ဪ- မောင်မောင် ထမင်းစားတော့မယ်''

ပတ္တမြားနတ်မယ်က မှောက်ထားသောကြွေပန်းကန်ပြား ကိုယူ၍ ထမင်းအုပ်ထဲမှထမင်းကိုထည့်ပေးသည်။

''ထိုင်နေပါလားမိမိ၊ ပန်းရုံကိုခေါ်ခိုင်းပါလား''

''အို- ပန်းရုံကို အနားပေးလိုက်ပါပြီဆို။ မိမိပြုစုစမ်း ပါရစေ မောင်မောင်ရဲ့၊ ဟီ-ဟီ-ဟီ''

အရက်ရှိန်ဖြင့် ပတ္တမြားနတ်မယ်သည် သွက်လက်ပြီး ရွှင်မြူးနေပေ၏။

''စား မောင်မောင်၊ မိမိချက်ထားတဲ့အသည်းဟင်းလေး ကို စားကြည့်စမ်းပါဦး''

အသည်းဟင်းများကိုဇွန်းနှင့်ခပ်ထည့်ပေးရင်း ပြော၏ ။

''မိမိလဲ စားတော့လေ''

''မိမိ ဒါကုန်အောင် ဖြည်းဖြည်းသောက်လိုက်ဦးမယ်၊ မောင်မောင်စားပါ''

ဦးစိုးအုပ်က ထမင်းကို စ”စားလိုက်သည်။

''ကောင်းရဲ့လားမောင်မောင်၊ အသည်းဟင်းက ဘယ်လို နေသလဲ''

''သိပ်ကောင်းတာပဲ၊ မိမိလက်ရာကဘယ်ဆိုးလို့လဲ''

အမှန်မှာ အသည်းဟင်းသည် ထူးထူးခြားခြားကြီး မကောင်းလှပေ။ ပတ္တမြားနတ်မယ် စိတ်ကျေနပ်အောင် ပြောလိုက် ခြင်းသာဖြစ်၏ ။

ထိုစဉ်... ဘဏ္ဍာစိုးကြီးဖိုးသာဒင် အခန်းထဲသို့ဝင်လာပြီး အခန်းဒေါင့်တွင် လက်နောက်ပစ်၍ ရပ်နေသည်။

''ဘာလဲ ဖိုးသာဒင်''

ပတ္တမြားနတ်မယ်က မေးလိုက်သည်။

''ခိုင်းစေစရာရှိရင် ခိုင်းဖို့ ကျွန်တော်မျိုးလာရောက်ခြင်း ပါသခင်မ''

''မလိုဘူးဖိုးသာဒင်၊ မဖုရားတို့ လွတ်လွတ်လပ်လပ် နေချင်တယ်''

ဖိုးသာဒင်က သခင်ကြီးမျက်နှာကို စိုက်ကြည့်နေသေး၏ ။

''သွားလေ''

ဖိုးသာဒင် ချာကနဲလှည့်ထွက်သွားသည်။